# ၁၉၆၄ ခုနှစ်၊ ကျပ်တရာတန်ငွေစက္ကူနှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှ ရုပ်သိမ်းသည့်ဥပဒေ။

[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေ အမှတ် ၇။]

## နိဒါန်း

တော်လှန်ရေးကောင်စီသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ချမှတ်၍ ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးရှိ လုပ်သားပြည်သူအပေါင်းတို့၏ ဘဝကို မြှင့်တင်ရန်အတွက် လိုအပ်သည့် လုပ်ငန်းအသီးသီးကိုဆောင်ရွက်လျက်ရှိသည်။ ဤလုပ်ငန်းများသည် လုပ်သားပြည်သူတို့ကို အကျိုးပြုသော်လည်း ခေါင်းပုံဖြတ်သမား၊ အမြတ်ကြီးစားတို့ကို အကျိုးမပြုသဖြင့်၊ ၎င်းတို့၏ ဆန့်ကျင်မှုကို နေ့စဉ်နှင့်အမျှခံရလျက်ရှိသည်။

နိုင်ငံခြားနှင့် တိုင်းရင်းသား အရင်းရှင်ကြီးများက ပြည်ထောင်စုမြန်မာနိုင်ငံ၏ စီးပွားရေးကို မချုပ်ချယ်နိုင်စေရန်ရည်ရွယ်၍ ဘဏ်လုပ်ငန်းကို ပြည်သူပိုင်ပြုလုပ်ခဲ့စဉ်က တိုင်းရင်းသားနှင့် နိုင်ငံခြားသား ငွေရှင်ကြေးရှင်အမြောက်အမြားသည် ဘဏ်များတွင် ၎င်းတို့အပ်နှံထားသောငွေများကို ပြန်လည်ထုတ်ယူ၍၊ ဘဏ်လုပ်ငန်းပြည်သူပိုင် ပြုလုပ်ခြင်းကိုဆန့်ကျင်ခဲ့ကြသည်။

လုပ်သားပြည်သူတို့၏ စား-ဝတ်-နေရေးစရိတ် တည်ငြိမ်စေရန် ရည်ရွယ်၍ ကုန်စျေးနှုန်းများ မတန်တဆတိုးတက်နေသည်ကို တားဆီးရန်အတွက် နိုင်ငံခြား ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းကို ပြည်သူပိုင်ပြုလုပ်သည့်အခါတွင်သော်၎င်း၊ လက်ကားဆိုင်ကြီးများ၊ ကုန်ရုံကြီးများ၊ ပွဲရုံကြီးများကို ပြည်သူပိုင် ပြုလုပ်သော အခါတွင် သော်၎င်း တိုင်းရင်းသားနှင့် နိုင်ငံခြားသား ငွေရှင်ကြေးရှင်များသည် ၎င်းတို့သိုလှောင်ထားသည့် ပစ္စည်းများကို အမြန်ငွေစက္ကူများဖြင့် လဲလှယ်ထားကြသည်။ ထိုငွေစက္ကူများဖြင့်၎င်း၊ ဘဏ်မှထုတ်ယူထားသည့် ငွေစက္ကူများဖြင့်၎င်း အခါအခွင့်ရလျှင်ရသလို ကုန်များကို စျေးကစား၍ ရှုတ်ခြည်းအမြတ်အများဆုံးထုတ်ယူရန်လုပ်ကိုင်ပြန်သည်။

အချို့သောသူများသည် နိုင်ငံခြားများသို့ငွေစက္ကူများကို ခိုးထုတ်ခါ မတန်တဆစျေးဖြင့်နိုင်ငံခြားငွေစက္ကူများကို ဝယ်ယူကြသည်။

ဤသို့လျှင် ငွေစက္ကူများကို ကုန်ပစ္စည်းသဘွယ်ကိုင်၍ လုပ်ကိုင်လာသည့်ငွေရှင်ကြေးရှင်လူတစုလက်ထဲတွင် ကျပ်တရာတန်ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန်ငွေစက္ကူများစုပုံမိနေသည်။ ၎င်းငွေစက္ကူများသည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ စီးပွားရေးကို ကမောက်ကမဖြစ်စေအောင်၊ လုပ်သားပြည်သူတို့၏စားသောက်နေထိုင်ရေးကိုကျဆင်းအောင်လုပ်မည့်ပစ္စည်းများဖြစ်နေသည်။

ထို့ကြောင့်၊ ၎င်းငွေစက္ကူများ၏အန္တရာယ်ကို ဖျက်ရန်လိုအပ်လာပေသည်။

တဘက်တွင်လည်း ကောင်းရောင်းကောင်းဝယ်ဖြင့် ရိုးရိုးသားသားစုဆောင်းမိသည်တို့ကို ကျပ်တရာတန်ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများဖြင့် သိမ်းဆည်းထားသူများလည်းရှိကြသည်။ ၎င်းတို့အတွက် မနစ်နာအောင်စီစဉ်ရန်လည်း လိုပေသည်။ ထို့ကြောင့် ကျပ်တရာတန်ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန်ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှရုပ်သိမ်းရမည်ဟု ကြေညာသော်လည်း ရက်သတ္တတပတ်အတွင်း

မည်သူမဆို မိမိတရားဝင်ကိုင်ထားသည့် ကျပ်တရာတန် ငွေစက္ကူများနှင့်ကျပ်ငါးဆယ်တန်ငွေစက္ကူများကို အစိုးရထံ လာရောက်အပ်နှံစေ၍ ထိုသို့အပ်နှံသည့်ငွေစက္ကူတန်ဘိုးပမာဏထဲမှအချို့ကို တရားဝင်ငွေဖြင့် ချက်ခြင်းလဲလှယ်ပေးပြီး ကျန်တန်ဘိုးကို လူတဦးစီ၏အခြေအနေကိုကြည့်၍ မည်မျှလဲလှယ်ပေးရမည်ကို သတ်မှတ်ပေးရပေမည်။

အထက်ပါ အကြောင်းအရာများကိုထောက်ထား၍၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥက္ကဋ္ဌသည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း ၁။

### စကားချီး။

၁။ ။(၁) ဤဥပဒေကို ၁၉၆၄ ခုနှစ်၊ ကျပ်တရာတန်ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန်ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှရုပ်စဲသည့် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးနှင့်သက်ဆိုင်စေရမည်။

(၃) ဤဥပဒေသည် ချက်ခြင်းအာဏာတည်ရမည်။

## အခန်း ၂။

### ကျပ်တရာတန်ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေအဖြစ်မှရုပ်စဲခြင်း။

၂။ ။၁၃၂၆ ခုနှစ်၊ နယုန်လဆန်း ၇ ရက် (၁၉၆၄ ခုနှစ်၊ မေလ ၁၇ ရက်) ည ၇ နာရီမှစ၍ ပြည်ထောင်စု မြန်မာနိုင်ငံတော် ဘဏ်မှထုတ်ဝေထားသည့် ကျပ်တရာတန်ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများသည် တရားဝင်ငွေအဖြစ်မှ ရုပ်စဲစေရမည်။ ဆိုလိုသည်မှာ ဖေါ်ပြပါငွေစက္ကူများသည် ဖေါ်ပြပါအချိန်မှစ၍ တန်ဘိုးလုံးဝကင်းမဲ့၍ ငွေရေးကြေးရေးပေးယူရန် ကိစ္စများတွင် ဖေါ်ပြပါငွေစက္ကူများကို အသုံးမပြုရ။

၃။ ။(၁) ကျပ်တရာတန် ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများကို လက်ကိုင်ထားသူများသည် အစိုးရကသတ်မှတ်သည့်အချိန်အတွင်း အစိုးရက သတ်မှတ်သည့်ဌာနများ၌ အစိုးရက သတ်မှတ်သည့်နည်းအတိုင်း လက်ကိုင်ထားသည့် ကျပ်တရာတန်ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန်ငွေစက္ကူများကို လာရောက်အပ်နှံကြရမည်။

(၂) အထက်ပုဒ်မခွဲ (၁) အရ ကျပ်တရာတန်ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန်ငွေစက္ကူများကို လာရောက်အပ်နှံသူများအား အပ်နှံသည့်တန်ဘိုးထဲမှ မည်မျှကို လက်ငင်းတရားဝင်ငွေများဖြင့် လဲလှယ်ပေး၍၊ ကျန်တန်ဘိုးအတွက် မည်သို့ဆောင်ရွက်ရမည်ကို အစိုးရက ညွှန်ကြားချက်ထုတ်၍ ပြဋ္ဌာန်းပေးရမည်။

## အခန်း ၃။

### ပြစ်ဒဏ်များ။

၄။ ။(၁) ဤဥပဒေ၏ရည်ရွယ်ချက်ကို ပျက်ပြားအောင်ပြုလုပ်သည့်သူသည် အနည်းဆုံး ဆယ်နှစ်အထိထောင်ဒဏ်၊ အများဆုံးသေဒဏ်အထိ စီရင်ခြင်းခံရမည်။

(၂) ဤဥပဒေ၏ရည်ရွယ်ချက်ကို ပျက်ပြားအောင် ပြုလုပ်သည့် ကိစ္စများ၌ အောက်ပါတို့ အကျုံးဝင်သည်။

(က) ကျပ်တရာတန် ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများကို မိမိပိုင်မဟုတ်ဘဲ မိမိပိုင်ဖြစ်ပါသည်ဟုဖေါ်ပြခြင်း။

(ခ) မိမိပိုင် ကျပ်တရာတန် ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများကို အခြားသူတဦးအပိုင် အဖြစ်၊ လိမ်လည် ဖေါ်ပြအောင် ဆောင်ရွက်ခြင်း။

(ဂ) ၁၃၂၆ ခုနှစ်၊ နယုန်လဆန်း ၇ ရက် (၁၉၆၄ ခုနှစ်၊ မေလ ၁၇ ရက်) ည ၇ နာရီ၏ နောက်ပိုင်းတွင် ကျပ်တရာတန် ငွေစက္ကူများနှင့် ကျပ်ငါးဆယ်တန် ငွေစက္ကူများကို တရားဝင်ငွေ အဖြစ် အသုံးပြုခြင်း။

## အခန်း ၄။

### အထွေထွေ။

၅။ ။(၁) အစိုးရသည် ဤဥပဒေ၏ ရည်ရွယ်ချက်ကိုထမြောက်စေရန်အတွက် လိုအပ်သောနည်းဥပဒေနှင့် ညွှန်ကြားချက်များကို ထုတ်နိုင်သည်။

(၂) အစိုးရသည် ဤဥပဒေအရ ဆောင်ရွက်ရန်ရှိသည့်လုပ်ငန်းများကိုဆောင်ရွက်ရန်အတွက် သင့်တော်သည့်ပုဂ္ဂိုလ်၊ သို့မဟုတ်အဖွဲ့ အစည်းကို တာဝန်လွှဲအပ်နိုင်သည်။